**တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ NCA အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့**

**EAOs' Senior Delegation for NCA (SD) ဒုတိယအကြိမ်အစည်းအဝေး**

# သဘောထားထုတ်ပြန်ကြေငြာချက်

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၅) ရက်

၁။ ၂၀၁၅ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့မှ (၉) ရက်နေ့အထိ ကျင်းပခဲ့သော လော်ခီးလာ ထိပ်သီးအစည်းအဝေးကြီးက ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ NCA အဆင့်မြင့် ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (Senior Delegation for NCA – SD) ၏ ဒုတိယအကြိမ်အစည်းအဝေးကို ထိုင်းနိုင်ငံ၊ ဇင်းမယ်မြို့တွင် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၂) ရက်နေ့မှ (၅) ရက်နေ့အထိ အောင်မြင်စွာ ကျင်းပခဲ့ပါသည်။

၂။ SD ၏ဒုတိယအကြိမ် အစည်းအဝေးတွင် အဖွဲ့ခေါင်းဆောင် (၃) ဦးမှ ဦးဆောင်၍ ထိပ်သီးအစည်းအဝေး၏ အဓိကတာဝန်ပေးချက်ဖြစ်သော NCCT နှင့် UPWC တို့၏ NCA (အတည်ပြုမူကြမ်း) ကို အပြီးသတ် မူချော အဆင့်သို့ တိုးမြင့်ရရှိရေးအတွက် တာဝန်ယူညှိနှိုင်းသွားကြရမည့်လုပ်ငန်းကို အချိန်ယူဆွေးနွေးခဲ့ကြပါသည်။

၃။ ယင်းအစည်းအဝေးကာလမှာပင် UPWC ဒုတိယအဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း နှင့် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီတို့ ဦးဆောင်သော အစိုးရကိုယ်စားလှယ်အဖွဲ့သည်လည်း ဇင်းမယ်မြို့သို့ ရောက်ရှိလာပြီး SD နှင့် ပထမအကြိမ်ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နှင့် (၄) ရက်နေ့များ၌ ကျင်းပပြုလုပ်ခဲ့ပြီး နှစ်ဖက်သဘောထားများကို ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ကြပါသည်။

၄။ လက်ရှိအစိုးရ၏ သက်တမ်းကာလအတွင်း NCA ကို အပြီးသတ်လက်မှတ်ရေးထိုးနိုင်ရန်နှင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ရေးဆွဲရေးတို့ကို ဦးတည်ကြိုးပမ်းသွားရန် ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲမှ မူအားဖြင့် သဘောတူညီမှုရရှိခဲ့ပါသည်။ ထိုကဲ့သို့ ရလာဒ်ကောင်းများရရှိလာသည့်အပေါ် အစိုးရကိုယ်စားလှယ်အဖွဲ့ နှင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တို့၏ တရားဝင် ဆွေးနွေးပွဲကို မကြာမီ ကျင်းပပြီး စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန်အတွက် ဆက်လက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာအပ်ပါသည်။


***မီဒီယာဆက်သွယ်ရန် -***

ပဒိုနော်စီဖိုးရာစိန် (အဖွဲ့ခေါင်းဆောင်) - + 66 (0) 82 - 184 - 5732
ဒေါက်တာလဂျာ (ဒုတိယ အဖွဲ့ခေါင်းဆောင်-၁) - + 66 (0) 81 -289 - 4842
ပူးဇင်ကျိုး (ဒုတိယ အဖွဲ့ခေါင်းဆောင်-၂) - + 66 (0) 62 - 971 -1518